IICI

***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

**အပိုင်း ၄ ၊** အခန်း **၁၀ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု**
**သက်သေခံအထောက်အထားအမျိုးအစားများ**

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအကြောင်းအရာများကို နားလည်သဘောပေါက်နိုင်မည်-

- ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) သက်သေခံအထောက်အထားများ၏ မတူညီသောအမျိုးအစားများကို ခွဲခြားနိုင်ခြင်း
- သက်ဆိုင်ရာ သက်သေခံအထောက်အထား၏ သက်ရောက်မှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဌာန်းချက်များကို အသိအမှတ်ပြုခြင်း
- သက်သေခံအထောက်အထား စုဆောင်းခြင်းဆိုင်ရာ အတတ်ပညာ၊ ကျင့်ဝတ်နှင့် အခြား ကန့်သတ်ချက်များကို နားလည်ခြင်း

**သင်တန်းကြာမြင့်ချိန် -** ၆၀ - ၉၀ မိနစ်
**လေ့ကျင့်ခန်း -** မပါဝင်ပါ

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၁၄၀-၁၅၉၊ အခန်း ၄ - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရား၊ အခန်း ၅ - နိုင်ငံ၏ တာဝန်ဝတ္တရား၊ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm ၊ အခန်း ၈ - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉ - လုပ်ငန်း စီမံချက်ရေးစွဲခြင်း၊ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း၊ အခန်း ၁၃ - အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ အခန်း ၁၄ - သက်သေခံအထောက်အထားများနှင့် အချက်အလက်များကို စိစစ်အကဲဖြတ်ခြင်း၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်း လက်စွဲစာအုပ်၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ၊ နောက်ဆက်တွဲ (၄) - လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုအတွက် ဆရာဝန် ဆေးလက်မှတ်ထောက်ခံစာ၊ နောက်ဆက်တွဲ (၉) - ထိန်းသိမ်းစောင့်ရှောက်မှု ကွင်းဆက် ပုံစံ

ဤသင်ခန်းစာသည် အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm ၊ အခန်း ၈ - ဘေးကင်းရေးနှင့် လုံခြုံရေးနှင့်အခန်း ၉ - လုပ်ငန်းစီမံချက်ရေးစွဲခြင်းတို့နှင့် နီးစပ်မှုရှိပြီး၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ အပိုင်း (၄) ၏ နောက်ဆုံးသင်ခန်းစာဖြစ်သည့် စုံစမ်း စစ်ဆေးခြင်း သို့မဟုတ်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

စာရွက်စာတမ်းပြုစုခြင်း/မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်၏ လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း အဆင့်များပါဝင်သည်။ ၎င်းသည် ဖြစ်နိုင်ခြေရှိသော အချက်အလက် / သက်သေခံအထောက်အထား အမျိုးအစားများနှင့် မတူညီသောသက်သေခံအထောက်အထားများကို စုဆောင်းခြင်းနှင့် ဆက်စပ်နေသော အန္တရာယ်များအကြောင်း အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။ ၎င်းသည် အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်းနှင့် အခန်း ၁၂ - နောက်ထပ်အချက်အလက်စုဆောင်းခြင်းတို့နှင့်လည်း နီးစပ်မှု ရှိသည်။ သင်တန်းသားများသည် သက်သေခံအထောက်အထား စုဆောင်းခြင်းအတွက် အတတ်ပညာနှင့် ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ခြင်းနှင့် သက်သေခံအထောက်အထား အမျိုးအစားတစ်ခုစီကို ဘေးကင်းစွာ စုဆောင်းသိမ်းဆည်းရန် ၎င်းတို့တွင် သက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ၊ အတတ်ပညာဆိုင်ရာ လေ့ကျင့်တတ်မြောက်မှုနှင့်/သို့မဟုတ် အရင်းအမြစ်များ ရှိမရှိ စဉ်းစားရန် အရေးကြီးသည်။ ဤသင်တန်းကိုပို့ချမည့် သင်တန်းဆရာသည် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စာရွက်စာတမ်းပြုစုခြင်း/မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်ကို စီမံချက်ရေးဆွဲခြင်းနှင့် မျက်မြင်သက်သေများနှင့် သက်သေခံအထာက်အထားအမျိုးမျိုးကို ကိုင်တွယ်ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံရှိရမည်။ အထက်တွင်ဖော်ပြထားခဲ့ပြီးဖြစ်သည့်အတိုင်း အခန်း (၇) မှ (၁၀) တွင် ပါဝင်သော ကိစ္စရပ်များကို မြေပြင်တွင် စုံစမ်းမေးမြန်းမှုများကို မလုပ်ဆောင်မီ သေချာထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

သင်ခန်းစာပို့ချနေစဉ်တစ်လျှောက်၊ သင်တန်းဆရာအနေဖြင့် သင်တန်းသားများကို ၎င်းတို့စုဆောင်းနေသည့် အချက်အလက်အမျိုးအစားများကို ဆွေးနွေးရန် တိုက်တွန်းပေးသင့်ပြီး၊ ၎င်းတို့၏အဖွဲ့အစည်းတွင် မည်သူမှ ဆောင်ရွက်နေသနည်းနှင့် မည်ကဲ့သို့ဆောင်ရွက်နေသနည်း၊ မည်သည့်နေရာတွင် သိမ်းဆည်းထားသနည်း၊ ၎င်းတို့သည် အခြားသက်သေခံအထောက်အထားအမျိုးအစားများ (ဥပမာ- ဆိုရှယ်မီဒီယာပေါ်တွင် တင်ထားသောအချက်အလက်) ကို စုဆောင်းရန် စဉ်းစားသင့်မသင့်၊ မတူညီသော သက်သေခံအထောက် အထားများကို ကိုင်တွယ်ခြင်းနှင့် သိမ်းဆည်းခြင်းနှင့်ဆက်စပ်သော အန္တရာယ်များကို လျှော့ပါးစေရန် အတွက် လုပ်ထုံးလုပ်နည်းများ ရှိမရှိ၊ ၎င်းတို့တွင် လိုအပ်သော အခွင့်အာဏာ လုပ်ပိုင်ခွင့် သို့မဟုတ် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ သင်တန်းပြီးမြောက်ထားခြင်း ရှိမရှိနှင့် / သို့မဟုတ် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန် ၎င်းတို့လိုအပ်မည့် နောက်ထပ် အတတ်ပညာပိုင်း ကျွမ်းကျင်မှုများ၊ ပစ္စည်းကိရိယာများ နှင့် / သို့မဟုတ် အရင်းအမြစ်များကို ဆွေးနွေးရန တိုက်တွန်းသင့်သည်။ သင်တန်းတက်ရောက်သူများသည် သက်ဆိုင်ရာ ဥပဒေတစ်ခုခုကိုလည်း ဆွေးနွေးသင့်ပြီး၊ နိုင်ငံတကာတရားရုံးများနှင့် ခုံရုံးများရှေ့မှောက်တွင် သက်ဆိုင်ရာ သက်သေခံအထောက်အထားနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ (RPE) နှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ အခြေအနေတွင် သက်သေခံအထောက်အထားနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ (RPE) ကို မည်ကဲ့သို့ အသုံးချနိုင်ပုံအပါအဝင်၊ သက်ဆိုင်ရာ သို့မဟုတ် ဆက်စပ်နိုင်ဖွယ်ရှိသော ဥပဒေတွင် ကွဲလွဲမှုများ၏ အရေးပါမှု (ဥပမာအားဖြင့် ခိုင်လုံသော သက်သေခံအထောက်အထား

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

လိုအပ်သည်ဖြစ်စေ သို့မဟုတ် မလိုအပ်သည်ဖြစ်စေနှင့် တစ်ဆင့် စကား သက်သေခံအထောက်အထားကို တင်ပြနိုင်ခြင်း ရှိမရှိ အပါအဝင်) တို့ကို ဆွေးနွေးသင့်သည်။

သင်ခန်းစာသည် သက်သေခံအထောက်အထားများ၏ အဓိကအမျိုးအစားလေးခု (သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်း သက်သေခံအထောက်အထားများ၊ ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားများနှင့် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ) ကို ဦးစွာတင်ပြထားပြီး သက်ဆိုင်ရာ သက်သေခံအထောက်အထားနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ (RPE) ၏ အလွန်အရေးကြီးသော အရေးပါမှုကို မီးမောင်းထိုးပြသည်။ သင်တန်းဆရာမှ သက်ဆိုင်ရာစံနှုန်းများသည် ဥပဒေစနစ်နှင့် စာရွက်စာတမ်းများ/မှတ်တမ်းများ၏ ရည်ရွယ်ချက်ပေါ်မူတည်၍ ကွဲပြားနိုင်ကြောင်းကို အလေးထားသင့်သည်- ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် သက်ဆိုင်သည့် သက်သေခံအထောက်အထားစံနှုန်းများသည် များသောအားဖြင့် အခြားသော တာဝန်ခံမှုပုံစံများနှင့် သက်ဆိုင်သည့်စံနှုန်းများထက်မြင့်မားသည်။ သင်တန်းဆရာသည် တရားမရေးရာ၊ ပြစ်မှုဆိုင်ရာ သို့မဟုတ် အဆိုများအတွက် သင့်လျော်သော မည်သို့သော သက်သေခံအထောက်အထားများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သက်သေခံအထောက်အထားများကို တင်ပြရန်လိုအပ်ခြင်းနှင့် မည်သည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေသည့်အခြေအနေတွင် သက်သေခံအထောက် အထားအမျိုးအစားအချို့ကို စုဆောင်းခြင်းနှင့် / သို့မဟုတ် သိမ်းဆည်းခြင်း ခွင့်ပြုထားမှုကိုလည်း အလေးထားရှင်းပြသင့်သည်။ ၎င်းတို့သည် အချက်အလက်များကို မှားယွင်းစွာ စီမံခန့်ခွဲခြင်းနှင့် တရားရုံးမှ ငြင်းပယ်နိုင်ခြင်းကြောင့် ၎င်းတို့တွင် လိုအပ်သော အခွင့်အာဏာ လုပ်ပိုင်ခွင့် သို့မဟုတ် လေ့ကျင့် သင်ကြားထားမှုမရှိပါက သက်သေခံအထောက်အထားများ စုဆောင်းခြင်းမှ ရှောင်ကြဉ်သင့်သည်။ သင်တန်း ဆရာမှ သက်ဆိုင်ရာ သက်သေခံအထောက်အထားနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ (RPE) သည် နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီနိုင်ကြောင်းနှင့် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးအပေါ် သက်ရောက်မှုရှိနိုင် သည်ကိုလည်း အလေးထားရှင်းပြသင့်သည်။ ဥပမာအားဖြင့်၊ အချို့သောနိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်များ တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခံရသူတစ်ဦး၏ တရားရုံးတွင် ထွက်ဆိုချက်သည် ပြစ်မှုဆိုင်ရာ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရရန် လုံလောက်မှုမရှိသည့်အပြင် - တရားဝင်သည်ဖြစ်စေ သို့မဟုတ် တရားမဝင်သည်ဖြစ်စေ -ထွက်ဆိုချက်ကို ဆေးစစ်မှတ်တမ်း-ဥပဒေနှင့်/သို့မဟုတ် အခြားသော သက်သေခံအထောက်အထားအတည်ပြုချက်များဖြင့်သာ အတည်ပြုနိုင်မည်။ အချို့သော အခြေအနေများတွင်၊ ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူတစ်ဦး သည် အစိုးရမှခွင့်ပြုထားသော ဆရာဝန်ထံမှ တရားဝင်ဆေးစစ်မှတ်တမ်းရရှိရန်အတွက် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုကို ရဲထံအမှုဖွင့်တိုင်ကြားရမည်။ အဆိုပါ လိုအပ်ချက်များသည် ကျူးလွန်ခံရသူများအတွက်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

တရားမျှတမှုရရှိရေးတွင် သိသာထင်ရှားသော အတားအဆီးတစ်ခုဖြစ်နိုင်ပြီး၊ အထူးသဖြင့် အစိုးရ အရာရှိများ (ဥပမာ - စစ်တပ် ၊ ရဲ) သည် ပြစ်မှုကျူးလွန်သူများဖြစ်နေခြင်း၊ ကျူးလွန်ခံရသူမှ ကိုယ်ထိ လက်ရောက်ကျူးလွန်ခံရပြီးနောက်တွင် ချက်ခြင်းမတိုင်ကြားနိုင်ခြင်း သို့မဟုတ် ဆရာဝန်နှင့် ချက်ခြင်း မပြသနိုင်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူသည် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ မရရှိခြင်း။ ကျူးလွန်ခံရသူ၏ အမျိုးသမီးအင်္ဂါတွင် ထိခိုက်ဒဏ်ရာ သို့မဟုတ် သုတ်ပိုးများ မရှိခြင်းကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ခြင်းမရှိဟု မဆိုနိုင်ပါ။

ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) အကြောင်းအရာများ တွင် ယခင်က ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ၊ သက်သေအထောက် ပျက်စီးယိုယွင်းမှုများ၊ အုပ်စုဖွဲ့ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များ ဖြစ်ပွားမှုများတွင် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ နည်းပါးမှုများ၊ သို့မဟုတ် အခြားအချက်အကြောင်းအရင်းများကြောင့် မှတ်တမ်း၊ ရုပ်ပိုင်း၊ ဆေးဘက် သို့မဟုတ် ရုပ်သံ သက်သေခံအထောက်အထားများမရှိနိုင်သည်ကို သင်တန်းဆရာမှ သင်တန်းသားများကို သတိပေးသင့် သည်။ ၎င်းတို့သည် ပို၍အဖြစ်များတာဖြစ်နိုင်သည်။ သို့ရာတွင်၊ မှတ်တမ်း၊ ရုပ်ပိုင်း၊ ဆေးဘက် သို့မဟုတ် ရုပ်သံ သက်သေခံအထောက်အထားများမရှိခြင်းသည် အဆိုပါပြစ်မှုများအတွက် တရားမျှတမှု မရှိနိုင်ဟု မဆိုလိုကြောင်း သင်တန်းဆရာမှ အလေးထားရှင်းပြသင့်သည်။ နိုင်ငံတကာ ရာဇဝတ် တရားရုံး ICC ကဲ့သို့သော နိုင်ငံတကာတရားရုံးများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နိုင်ငံတကာရာဇဝတ်မှုအဖြစ် သက်သေ ပြရန် ရုပ်ပိုင်းနှင့် မှုခင်းဆေးပညာဆိုင်ရာ အထောက်အထားများမလိုအပ်ကြောင်းနှင့် နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်ခံရသူနှင့် သက်သေထွက်ဆိုချက်များဖြင့် အမှုတည်ဆောက်နိုင်ကြောင်း အလေးထားရှင်းပြသင့်သည်။ ထူးခြားသော သို့မဟုတ် အလေ့အကျင့်အသစ်တစ်ခုဖြစ်သည့် တရားစီရင်ပိုင်ခွင့်များတွင်ပင်၊ သက်ဆိုင်ရာအာဏာပိုင်များသည် အခြားသော သက်သေခံအထောက် အထားများမရှိပါက၊ သက်သေထွက်ဆိုချက်များကို လက်ခံရန် ဆင့်ကဲတိုးတက်ပြောင်းလဲတိုးတက်ခြင်း ဖြစ်စဉ်ကို လက်ခံလာနိုင်သည်။ တရားစီရင်ပိုင်ခွင့် အာဏာပိုင်များသည် ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှု များနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ရာဇဝတ်မှုများအတွက် တရားမျှတမှု ရရှိစေရန် ကြိုးပမ်းနေပါက ဤဆင့်ကဲတိုးတက်ပြောင်းလဲတိုးတက်ခြင်းဖြစ်စဉ်သည် နောက်ဆုံးတွင် လိုအပ်လာမည်။ သင်တန်းဆရာမှ သင်တန်းသားများအား နောက်ထပ် ခိုင်မာသော သက်သေခံအထောက်အထားများ (ခိုင်မာ သော သက်သေခံအထောက်အထားများသည် အမြဲအသုံးဝင်သောကြောင့်ဖြစ်သည်) ကို ဖြစ်နိုင်ပါက သို့မဟုတ် သက်ဆိုင်ရာ တရားစီရင်ရေးစနစ်က တောင်းဆို၍ လိုအပ်ခဲ့ပါက ရှာဖွေသွားရန် တိုက်တွန်းသင့် သော်လည်း ၊ ကျူးလွန်ခံရသူများနှင့် သက်သေများထံမှ တိုက်ရိုက်ရရှိသော အချက်အလက်များကိုလည်း ၎င်းတို့၏ စုံစမ်းစစ်ဆေးမှု / မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၏ အဓိကနှင့် အရေးကြီး သော အစိတ်အပိုင်းများအဖြစ် ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

ပါဝါပွိုင့် **နံပါတ်**(၉) ပြီးနောက်၊ သင်ခန်းစာကို အဓိကအပိုင်းလေးပိုင်းအဖြစ် ခွဲထားသည် - (က) သက်သေထွက်ဆိုချက် သက်သေခံအထောက်အထား (နံပါတ် ၁၀ - ၁၄)၊ (ခ) မှတ်တမ်း သက်သေခံအထောက် အထား (နံပါတ် ၁၅ - ၁၇)၊ (ဂ) ဒစ်ဂျစ်တယ် သက်သေခံအထောက်အထား (နံပါတ် ၁၈ - ၂၁) နှင့် (ဃ) ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထား (နံပါတ် ၂၂ - ၂၆) ။

သက်သေခံအထောက်အထားအမျိုးအစားတစ်ခုစီ၏ စုဆောင်းခြင်းနှင့် ကိုင်တွယ်ခြင်းတွင် သီးခြားကျွမ်းကျင်မှုနှင့် အတွေ့အကြုံများလိုအပ်သည်။ ထို့အပြင်၊ အချို့သော တရားစီရင်ပိုင်ခွင့်များတွင် ဒစ်ဂျစ်တယ်အထောက်အထားများကို စုဆောင်းခြင်းနှင့် ကိုင်တွယ်ခြင်းအတွက် စံနှုန်းများသတ်မှတ်ထားသည်၊ အများစုသည် တရားရုံးတွင် လက်ခံနိုင်ရန်အတွက် တင်းကြပ်သော အုပ်ထိမ်းမှုကွင်းဆက်သတ်မှတ်ချက်များနှင့်အညီ လေ့ကျင့်တတ်မြောက်ထားသော တရားဥပဒေ စိုးမိုးရေးဆိုင်ရာ စုံစမ်းစစ်ဆေးသူများ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ ပညာရှင်များမှ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်ထားများကို စုဆောင်း ကိုင်တွယ်နိုင်သည်ဟု ဖော်ပြထားသည်။ ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများ / သက်သေများ ရင်ဆိုင်ကြုံတွေ့ရသည့် ထိခိုက်လွယ်သောအကြောင်းအရာနှင့် ထူးခြားသောအန္တရာယ်များ (ဥပမာ - အမည်းစက်၊ မိသားစုမှ လက်မခံခြင်း၊ အကျဉ်းကျနေခြင်း) ကို ရင်ဆိုင်ကြုံတွေ့နေရမှုအပေါ် ထည့်သွင်းစဉ်းစားခြင်းဖြင့်၊ ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများ / သက်သေများထံမှ သက်သေခံချက် ရယူခြင်းအား သတ်မှတ်ထားသော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသော သူများမှသာလျှင် လုပ်ဆောင်နိုင်ကြောင်း သင်တန်းဆရာဖြစ်သူမှ ထပ်လောင်းပြောကြားသင့်သည်။ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်ထောက်ကူများတွင် ၊ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နည်းလမ်းများကို ကိုင်တွယ်ဖြေရှင်းခြင်းအပါအဝင်၊ ၎င်းတို့သည် လက်တွေ့ကျင့်သုံးသူများ၏ စွမ်းရည်မြှင့်တင်ရန် အသုံးပြုနိုင်သော်လည်း ၊ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်တန်းတွင် ပါဝင်ခြင်းဖြင့် သင်တန်းသားများကို အလိုလျောက်နှင့် ၎င်းနယ်ပယ်တွင် ချက်ချင်း ကျွမ်းကျင်သူများဖြစ်စေမည်မဟုတ်ပါ။  ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများ / သက်သေများနှင့် ယခင်က လုပ်ကိုင်ခဲ့သည့်အတွေ့အကြုံမရှိသော သင်တန်းသားများအနေဖြင့် နောက်ထပ်လမ်းညွှန်ပြသမှု ခံယူခြင်း နှင့် / သို့မဟုတ် ပိုမိုအတွေ့အကြုံရှိသော လုပ်ဖော်ကိုင်ဖက်များ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင် ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများ/သက်သေများကို ချဉ်းကပ်ပြီး တွေ့ဆုံမေးမြန်းသင့်သည်။ အမျိုးသားနှင့် ကလေးသူငယ် ကျူးလွန်ခံရသူများ/သက်သေများနှင့် ဆောင်ရွက်ရာတွင် အခန်း ၁၆ (ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) နှင့် အခန်း ၁၇ (အမျိုးသားများနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) တို့တွင် အသေးအစိတ်ဆွေးနွေးထားသည် နောက်ထပ်ကျွမ်းကျင်မှုများလိုအပ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ယခု သက်သေခံချက် အထောက်အထား သင်ခန်းစာ (ပါဝါပွိုင့် slide ၁၀ - ၁၄) တွင် ၊ သင်တန်းသားများမှ အမှုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည့်အလားအလာအရှိဆုံး နိုင်ငံတကာရာဇဝတ်မှုများ၏ သက်သေခံအထောက်အထားအမျိုးအစားများ (အသက်ရှင်ကျန်ရစ်သူများ/ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ၊ ခိုင်လုံသည့် မျက်မြင်သက်သေများ၊ အတွင်းလူ မျက်မြင်သက်သေများ၊ ကျွမ်းကျင်သူ မျက်မြင်သက်သေများနှင့် ခြုံငုံသုံးသပ်ချက်ပေးသည့် / မှုခင်းအသွားအလာ ပုံစံသုံးသပ်ချက်ပေးသည့် မျက်မြင်သက်သေများ) ကို  သင်တန်းဆရာမှ အထူးသဖြင့် ဆွေးနွေးသင့်သည်။ ဥပမာအားဖြင့်၊ ခြုံငုံသုံးသပ်ချက်ပေးသည့် / မှုခင်းအသွားအလာပုံစံ သုံးသပ်ချက်ပေးသည့် မျက်မြင်သက်သေများ (ဥပမာ - ဆရာဝန်များ၊ သူနာပြုများ၊ စစ်ဘက် သို့မဟုတ် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများ) သည် နိုင်ငံတကာရာဇဝတ်မှုများတွင် ဖြစ်နေကျအကြောင်းအရာများကိုအခြေခံ၍ အမှုတည်ဆောက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဆက်စပ်ဖော်ပြခြင်းအတွက် အလွန်တန်ဖိုးရှိသော အချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။ ရာဇဝတ်မှုကို အတူကျူးလွန်သူများနှင့် အခြားအတွင်းလူများထံ ချဉ်းကပ်ခြင်းသည် အန္တရာယ်များသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး၊ လေ့ကျင့်တတ်မြောက်ထားသော စုံစမ်းစစ်ဆေးသူများမှသာ လုပ်ဆောင်နိုင်ကြောင်းကို သင်တန်းဆရာမှ မီးမောင်းထိုးပြသင့်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ပိုမိုကျယ်ပြန့်သော ရာဇဝတ်ချိုးဖောက်မှုများအတွင်း မည်ကဲ့သို့ချိုးဖောက်မှုတစ်ခုအဖြစ်ပါဝင်နေသည်ကို ပြသနိုင်ရန်အတွက် ကျူးလွန်ခံရသူများ / သက်သေများမှ ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် သို့မဟုတ် မြင်တွေ့ခဲ့ရသည့် ရာဇဝတ်မှုများအားလုံးကို ဆွေးနွေးရန်လိုအပ်ကြောင်းကိုလည်း အလေးထားဖော်ပြပေးရန် အရေးကြီးသည်။ နောက်ဆုံးအနေဖြင့်၊ နိုင်ငံတကာတရားရုံးများနှင့် ခုံရုံးများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံအထောက်အထားများဖြင့် နိုင်ငံတကာ ရာဇဝတ်မှုတစ်ခုအား သက်သေပြရန် တရားဝင်မလိုအပ်သောအချက် (သို့သော် အများအားဖြင့် အလွန်အထောက်ပြုကြောင်း)၊ နိုင်ငံတကာ တရားရုံးများနှင့် ခုံရုံးများသည် သက်သေခံချက်အပေါ် ကြီးမားစွာ မှီခိုနေရကြောင်းနှင့် သက်သေခံချက်များ အပေါ်တွင် အထူးသီးသန့်နီးပါးတည်ဆောက်ထားသော အမှုများသည် အောင်မြင်သော တရားစွဲဆိုမှုများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း သင်တန်းဆရာမှ အလေးထားဆွေးနွေးသင့်သည်။

စာရွက်မှတ်တမ်း သက်သေခံအထောက်အထားများ အခန်း (ပါဝါပွိုင့် slide ၁၅ - ၁၇) တွင်၊  သင်တန်းဆရာသည် သင်တန်းသားများ စုဆောင်းပြီးသားဖြစ်နိုင်သည့် သို့မဟုတ် မဖြစ်သေးသည့် တရားဝင်နှင့် တရားမဝင်သော စာရွက်မှတ်တမ်း သက်သေခံအထောက်အထားများ၊ ၎င်းတို့ကို ရှာဖွေနိုင်သည့်နေရာနှင့် ၎င်းတို့၏ အခန်းကဏ္ဍကို ဆွေးနွေးရန် တိုက်တွန်းသင့်သည်။ သင်တန်းဆရာသည် စာရွက်မှတ်တမ်း သက်သေခံအထောက်အထားများအကြောင်း ရှင်းပြသောအခါတွင်၊ အမှန်တကယ် သက်သေခံအထောက်အထားသည် စာရွက်မှတ်တမ်းတစ်ခုတွင် မှတ်တမ်းတင်ထားသည့် အချက်အလက်များဖြစ်ကြောင်း သင်တန်းသားများအား သေချာရှင်းပြသင့်သည်။ ၎င်းစာရွက်မှတ်တမ်းတစ်ခုသည် တစ်ခါတစ်ရံတွင်

ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများအဖြစ် အကျုံးဝင်နိုင်ပြီး၊ အုပ်ထိန်းမှုကွင်းဆက်ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် အကြောင်းအရာကိစ္စလည်းဖြစ်နိုင်သည်၊ ဥပမာအားဖြင့် ၎င်းတွင် စစ်မှန်ကြောင်း သက်သေပြရန် အထောက်အကူပေးနိုင်သည့် တရားဝင် တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်ပါရှိလျှင်။ ဆေးစစ်ချက်များနှင့် အခြားကျန်းမာရေးမှတ်တမ်းများအကြောင်း ရှင်းပြသောအခါတွင်၊ ကျူးလွန်ခံရသူများ၏ ကြိုတင်အသိပေး သဘောတူခွင့်ပြုချက်မရှိပဲ အဆိုပါစာရွက်စာတမ်းများကို ရရှိနိုင်မည်မဟုတ်ကြောင်းနှင့် များစွာသော ကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် ကိုယ်ရေးကိုယ်တာဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ဆေးစစ်ချက်များကို မျှဝေခြင်းမပြုရန် ဆုံးဖြတ်မည်ကို သင်တန်းဆရာမှ အထူးရှင်းပြသင့်သည်။ ဤနေရာတွင် သင်တန်းဆရာသည် အမည်မဖော်ပြသော ဆေးခန်းမှတ်တမ်းများ၊ စာရင်းဇယားများနှင့် အခြားသော ကျွန်ပျူတာ ပရိုဂရမ်အချက်အလက်များသည် ဥပမာအားဖြင့် မလိုလားသော ကိုယ်ဝန်ရရှိမှုအရေအတွက် ပြောင်းလဲမှုများကိုပြသခြင်း ၊ ဂရင်ဂျီနာ ခွဲစိတ်မှုများ သို့မဟုတ် သတ်မှတ် ကာလတစ်ခုအတွင်း လိင်ဆက်ဆံမှုမှတဆင့် ကူးစက်သောရောဂါများ တိုးများလာခြင်းသည် နှိပ်စက်ညှင်းပန်းမှုပုံစံများကို သေချာစွာဖော်ပြပေးနိုင်ခြင်းကြောင့် အသုံးဝင်သော သဲလွန်စများ သို့မဟုတ် ခိုင်လုံသော သက်သေခံအထောက်အထားများ ခိုင်လုံစွာဖော်ထုတ်ပေးနိုင်သည်ကို မီးမောင်းထိုးပြသင့်သည်။

ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားများနှင့်ပတ်သက်သည့် အခန်း (ပါဝါပွိုင့် slide ၁၈ -၂၁) တွင်၊ သင်တန်းဆရာသည် သင်တန်းသားများကို ပုံစံများမတူညီသော ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားများ (ဥပမာ - အီးမေးလ်များ၊ စာတိုမက်ဆေ့ချ်များ၊ အီလက်ထရွန်းနစ်ပစ္စည်းများဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများနှင့် ဗီဒီယိုများ သို့မဟုတ် လူမှုကွန်ရက်ပေါ်တွင် တင်ထားသော အကြောင်းအရာများ) ၊ ၎င်းတို့ကို မည်သည့်နေရာတွင်ရှာဖွေရမည်၊ ၎င်းတို့ မည်သည့်အကြောင်းအရာများကို စုဆောင်းပြီးသားရှိသနည်းနှင့် ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားများ ထုတ်ယူခြင်းနှင့် ကိုင်တွယ်ခြင်းဆိုင်ရာ သီးခြားအန္တရာယ်များကို ဆွေးနွေးဖို့ တိုက်တွန်းပေးသင့်သည်။ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာမရှိသော ပါဝင်သူများအတွက်၊ ရာဇဝတ်မှုကျူးလွန်မှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာများ၏ ဓာတ်ပုံ နှင့် / သို့မဟုတ် ဗီဒီယိုများကို ရိုက်ကူးခြင်းသည် ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားများကို အသုံးပြု၍ ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကို မှတ်တမ်းတင်ခြင်းအတွက် အရိုးရှင်းဆုံးနှင့် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ဖွယ်ရှိသည်။ သင်တန်းဆရာသည် အွန်လိုင်းတွင် တင်ထားသော ဓာတ်ပုံများနှင့် ဗီဒီယိုများကဲ့သို့သော လူတိုင်းအတွက်အသုံးပြုခွင့်ပေးထားသော အရင်းအမြစ်အချက်အလက် (open-source information) များသည် လုပ်ကြံဖန်တီးထားခြင်းမဟုတ်ကြောင်းနှင့် ၎င်းတို့ မှတ်တမ်းတင်ဖို့ ရည်ရွယ်ထားသည့် အဖြစ်အပျက်များကို အမှန်တကယ်ကိုယ်စားပြုကြောင်း သေချာစေရန် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများက ဂရုတစိုက် စစ်မှန်ကြောင်း သက်သေပြရန် လိုအပ်ကြောင်း အလေးထားရှင်းပြသင့်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများနှင့်ပတ်သက်သည့် အခန်း (ပါဝါပွိုင့် **နံပါတ်** ၂၂ - ၂၆) တွင်၊ ပေးချင်သည့် အဓိကအမှာစကားမှာ - အများယုံကြည်လက်ခံထားသောအရာများနဲ့ ဆန့်ကျင်နေသည်မှာ - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားသည် သေချာပေါက်အကောင်းဆုံးသက်သေခံအထောက်အထားမဟုတ်ပါ၊ ၎င်းသည် ရှင်းလင်းဖော်ပြထားသော သက်သေခံအထောက်အထားများအပြင်၊ ကျွမ်းကျင်သူများ၏ သက်သေအထောက်အထားများ မပါပါက ယေဘုယျအားဖြင့် အသုံးမဝင်ဟုဆိုနိုင်ပြီး၊ ပါဝင်ဆောင်ရွက်သူများသည် တရားဝင် အခွင့်အာဏာလုပ်ပိုင်ခွင့်၊ ကျွမ်းကျင်အတတ်ပညာရှင် စွမ်းရည်နှင့် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို ဘေးကင်းစွာသိမ်းဆည်းရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ထိန်းသိမ်းထားရန် လုံလောက်သောအရင်းအမြစ်များ မရှိပါက ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများနှင့် အဝေးမှာရှိနေရမည်။ ပါဝင်ဆောင်ရွက်သူများကို အခန်း ၁၂ (နောက်ထပ်အချက်အလက်စုဆောင်းခြင်း) တွင် အသေးစိတ်ဆွေးနွေးထားသည့်အတိုင်း ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို မှတ်စုများ ရေးသားခြင်း၊ ပုံကြမ်းဆွဲခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဗီဒီယိုမှတ်တမ်းတင်ခြင်းတို့ဖြင့်သာ မှတ်တမ်းတင်ခြင်းနှင့် ၎င်းတို့ကို စုဆောင်းရန်အတွက် သင့်လျော်သော အခွင့်အာဏာလုပ်ပိုင်ခွင့်ရရှိထားပြီး၊ အရည်အချင်းပြည့်မီပြီး စုဆောင်းရန် ပစ္စည်းအပြည့်အစုံရှိသော တစ်စုံတစ်ဦးအား ဆက်သွယ်ရန် တိုက်တွန်းသင့်သည်။

မှုခင်းဆေးပညာဆိုင်ရာ သက်သေခံအထောက်အထားများနှင့်စပ်လျဉ်း၍ သင်တန်းဆရာသည် အဓိက အချက်နှစ်ချက်ဖြစ်သည့် - (၁) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာနှင့်ဆက်စပ်သော မှုခင်းဆေးပညာဆိုင်ရာအချက်အလက်သည် ဇီဝဗေဒဆိုင်ရာ သို့မဟုတ် ဆေးဘက်ဆိုင်ရာ သက်သေခံ အထောက်အထားများထက် များစွာကျယ်ပြန့်နိုင်ပြီး၊ ရုပ်ပိုင်း၊ မှတ်တမ်းစာရွက်စာတမ်းနှင့် ဒစ်ဂျစ်တယ် အချက်အလက်များပင် ( ဥပမာ - အဝတ်အစား၊ ကြိုးများ / ချုပ်ကြိုးများ၊ ဓာတ်ပုံများ၊ လက်ကိုင်ဖုန်း မှတ်တမ်းများ၊ ကျည်ဆံအခွံများ) ထပ်နေခြင်းနှင့် (၂) ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် မှုခင်းဆိုင်ရာ သက်သေခံ အထောက်အထားများကို စနစ်တကျကိုင်တွယ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမရှိခြင်းကြောင့် ပျက်စီးယိုယွင်းပြီး အသုံးမဝင်နိုင်ခြင်း သို့မဟုတ် နောက်ဆက်တွဲ တရားရုံးတွင် တရားစွဲဆိုမှုများတွင် လက်ခံနိုင် မည်မဟုတ်သောကြောင့် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံအထောက်အထားများ စုဆောင်းခြင်းနှင့် စနစ်တကျသိမ်းဆည်းခြင်းတို့ကို လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့်သာလုပ်ဆောင်သင့်ကြောင်း မီးမောင်းထိုးပြသင့်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈